# Yaw Defense Force-YDF

---

## ထန်တလန်မြို့အတွက် ဝမ်းနည်းကြေကွဲခြင်း

**နေ့စွဲ။ ၂၀၂၁ခုနှစ်၊ အောက်တိုဘာလ၊ ၃၀ရက်**

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် နံနက် ၁၀ နာရီဝန်းကျင်တွင် စကစအကြမ်းဖက်စစ်ကောင်စီမှ လက်နက်ကြီးများဖြင့် ထန်တလန်မြို့အပေါ် ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သော လူသားမဆန်သည့် အကြမ်းဖက်လုပ်ရပ်များအား Yaw Defense Force (YDF) မှ အပြင်းအထန်ကန့်ကွက်ရှုတ်ချလိုက်ပါသည်။

စစ်ကောင်စီအကြမ်းဖက်အဖွဲ့၏လက်နက်ကြီးများ ထိမှန်ပျက်စီးခဲ့သောထန်တလန်မြို့ရှိ နှစ်ခြင်းအသင်းတော် (၄) ထပ် အဆောက်အအုံအပါဝင် ခရစ်ယာန်ဘုရားကျောင်း ၂ ခု နှင့် ထန်တလန်နေ ပြည်သူတို့၏ အိုးအိမ် ၂၀၀ ကျော် မီးလောင်၍ ပျက်စီးဆုံးရှုံးရခြင်းအပေါ် လွန်စွာစိတ်မကောင်းဖြစ်၍ ထပ်တူထပ်မျှ ခံစားရပါသည်။

သို့ဖြစ်ပါ၍ မိမိနိုင်ငံအတွင်းရှိ ပြည်သူများအပေါ် လက်နက်အားကိုးကာ စိတ်ပါလက်ပါ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေကြသည့် စစ်ကောင်စီအကြမ်းဖက်တပ်ဖွဲ့ဝင်များအား မိမိတို့ပြည်သူများ၏အသက်အိုးအိမ် လုံခြုံရေးအတွက် သက်ဆိုင်ရာ ဒေသကာကွယ်ရေးမဟာမိတ်တပ်ဖွဲ့များဖြင့် လက်တွဲကာ ပြင်းပြင်းထန်ထန် တော်လှန်တုန့်ပြန် သွားပါမည်။